FRIDAY | 15 January 2021 YOMA BULLETIN | ISSUE 23

# Yoma Bulletin

ရိုးမ သတင်းစဉ်

Group Bi-weekly highlights

HEADLINES

## Get tested at Pun Hlaing Hospitals





Did you know that Pun Hlaing Hospitals is now licensed by the Ministry of Health and Sports to carry out Covid-19 testing and is also able to treat Covid-19 patients? All Yoma employees with Covid-19 symptoms are recommended to be tested at Pun Hlaing Hospitals. The cost of the test will be covered under the Yoma Family Healthcare programme.

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ယခုအခါ ပန်းလှိုင်ဆေးရုံသည် Covid-19 ရောဂါပိုးရှိ၊မရှိ စစ်ဆေးခြင်းနှင့် Covid-19 လူနာများ ကုသခွင့်ကို ရရှိထားပြီး ဖြစ်ပါသည်။ Covid-19 လက္ခဏာ ခံစားနေရသည့် ရိုးမဝန်ထမ်းများအား ပန်းလှိုင်ဆေးရုံတွင် စစ်ဆေးမှုခံယူရန် တိုက်တွန်းလိုက်ပါသည်။ စစ်ဆေးမှုအတွက် ကုန်ကျစရိတ်ကို Yoma Family Healthcare မှ ကုန်ကျပေးသွားမှာဖြစ်ပါသည်။

## A Reminder on Social Distancing

As more of us are going back to our workplace, a reminder to all Yoma employees to follow our social distancing rules to prevent community transmission within our workplace.

ဝန်ထမ်းများ လုပ်ငန်းခွင်သို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်သည့်အတွက် လုပ်ငန်းခွင်တွင် ရောဂါကူးစက်မှုများ မဖြစ်စေရန် ဝန်ထမ်းအချင်းချင်း ခပ်ခွာခွာနေထိုင်ကြရန် ထပ်မံသတိပေးလိုပါသည်။




## Shout-out to our Covid-19 Testing Team

We would like to say a big "THANK YOU" and acknowledge the hard work of our frontline workers at Pun Hlaing Hospitals for establishing this new department. For any Yoma employees who may have medical qualifications, we are now calling for volunteers on a part-time basis. Contact Askhr to show your support.

ပန်းလှိုင်ဆေးရုံတွင် ဌာနအသစ်စတင်ခြင်းကြောင့် ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှုကို ကျွန်ုပ်တို့မှ အသိအမှတ်ပြုပြီး ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။ အချိန်ပိုင်းလုပ်အားပေးရန်အတွက် ရိုးမရှိ ဝန်ထမ်းများအနက်မှ ဆေးပညာအသိအမှတ်ပြုလက်မှတ် ရရှိထားသူများကို လိုအပ်လျက်ရှိပါသည်။ ကူညီလုပ်ဆောင်ပေးရန် စိတ်ဝင်စားပါက AskHr ထံ ဆက်သွယ်နိုင်ပါသည်။

The Change Management Team will be doing a Yoma Connect roadshow to introduce our new Chat Function as well as new key features that will be launched soon. The team look forward to meeting you face to face to help you trouble shoot any questions you may have on Yoma Connect portal or app functions.

Yoma Connect ရှိ အချင်းချင်း ချိတ်ဆက်ပြောကြား မက်ဆေ့ချ်ပို့နိုင်ခြင်းနှင့် မကြာမီတွင် ထပ်မံထွက်ရှိမည့် အခြား လုပ်ဆောင်ချက်အသစ်များကို မိတ်ဆက် ပေးရန် Change Management အဖွဲ့မှ Yoma Connect Roadshow အစီအစဉ်ကို ပြုလုပ်သွားမှာဖြစ်ပါသည်။ Yoma Connect ဝဘ်ဆိုက် (သို့) အက်ပလီကေးရှင်းနှင့် ပတ်သက်၍ ပြဿနာနှင့် မေးမြန်းလိုသည်များရှိပါက အဖွဲ့သားများမှ ကိုယ်တိုင်တွေ့ဆုံ၍ ကူညီဆောင်ရွက်ပေးမှာဖြစ်ပါသည်။

# What is the Anargat Program?



အနာဂတ် (Anargat) means "future" in Myanmar language. The Yoma Anargat program is designed to provide the support needed on the wellbeing and family life of every Yoma employees, a unique corporate program in the country.

အင်္ဂလိပ်လို Anargat ၊ မြန်မာလို အနာဂတ် ဟူ၍ အဓိပ္ပာယ်ရပါသည်။ ရိုးမရှိ ဝန်ထမ်းအယောက်တိုင်း စိတ်ပျော်ရွှင်ပြီး မိသားစုဘဝ သာယာချမ်းမြေ့လာစေရန် လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးစွမ်းနိုင်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ရိုးမ၏ အနာဂတ် (Anargat) အစီအစဉ်ကို စီမံထားခြင်းဖြစ်ပြီး ၎င်းသည် မြန်မာနိုင်ငံတွင် ဆင်တူမရှိ ထူးခြားသော ကော်ပိုရိတ်အစီအစဉ်တစ်ခု ဖြစ်ပါသည်။

## What is in the Program?

### Policy

Maternity leave policy offering longer leave options (20 weeks, 40 weeks or up to 1 year) and guaranteeing employment at the end of maternity leave.

သားဖွားခွင့် မူဝါဒတွင် သားဖွားခြင်းအတွက် ခွင့်ယူခြင်းကို (ရက်သတ္တပတ် ၂၀ (သို့) ၄၀ ပတ် (သို့) တစ်နှစ် အထိ) ခွင့်ယူခွင့်ပေးခြင်းနှင့် မီးဖွားခွင့်အပြီး လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်နိုင်ရန် အာမခံခြင်း။




### Pre-Pregnancy Support

Pre-pregnancy counselling services are available for all Yoma employees considering starting a family.

မိသားစုဘဝတစ်ခု အစပြုရန် ရည်ရွယ်ထား သည့်ရိုးမဝန်ထမ်း အားလုံးအတွက် ကိုယ်ဝန်မဆောင်မီ တိုင်ပင်ဆွေးနွေးနိုင်သည့် ဝန်ဆောင်မှုများ ရရှိနိုင်ခြင်း။

### Financial Support

Yoma Group will cover the child delivery cost of up to maximum 700,000 MMK.

ရိုးမလုပ်ငန်းစုမှ မီးဖွားစရိတ်အတွက် ကျပ်ငွေ(၇) သိန်းအထိ ထောက်ပံ့မှုပေးခြင်း။

### Pregnancy – Post Pregnancy Support



Counseling services and community support for female employees' pre-pregnancy and post-delivery.

အမျိုးသမီး ဝန်ထမ်းများ ကိုယ်ဝန်မဆောင်မီနှင့် မွေးဖွားပြီးနောက်ပိုင်း တိုင်ပင်ဆွေးနွေးနိုင်သည့် ဝန်ဆောင်မှုနှင့် လူမှုအဖွဲ့အစည်း၏ ကူညီထောက်ပံ့မှုများ ရရှိနိုင်ခြင်း။

### Employee Services

Lactation room at the workplace to support breastfeeding mothers.

နို့ချိုတိုက်ကျွေးချင်သော မိခင်များအတွက် လုပ်ငန်းခွင်တွင် နို့ရည်ညှစ်၍ သိမ်းဆည်းနိုင်သော အခန်းထားရှိထားခြင်း။

## Our Ambassadors

Having a family should not stop you from having a successful career. At Yoma Group, many of our senior women leaders are also mothers.

မိသားစုတစ်ခု ထူထောင်လိုက်ခြင်းကြောင့် သင့်အလုပ်အကိုင်အောင်မြင်မှုကို ရပ်တန့်သွားခြင်းမျိုး မဖြစ်သင့်ပါ။ ရိုးမလုပ်ငန်းစုတွင် စီနီယာအမျိုးသမီး ခေါင်းဆောင်အများစုသည် မိခင်များဖြစ်ကြပါသည်။



**Aye Myat Maw**
*Executive Director*
*YKKO*



**Kay Zar Myo Hein @ Katie Hein**
*GM (Marketing & Carshare)*
*Yoma Financial Services*



**Pwint Thawdar Maung @ Eileen Pwint**
*Chief Financial Officer*
*Yoma Financial Services*

## FAQ

### Who is eligible to be part of Anargat program?

All employees of Yoma Group are eligible to be part of Anargat program regardless of gender and marital status. Some parts of the program are specifically for our female employees.

### အနာဂတ်အစီအစဉ်မှာ မည်သူတွေ ပါဝင်နိုင်ပါသနည်း။

ရိုးမအုပ်စုမှအမျိုးသမီး၊အမျိုးသားဝန်ထမ်းများအားလုံးနှင့်အိမ်ထောင်ရေးအခြေအ နေမည်သို့ပင်ဖြစ်စေကာမူ အနာဂတ်အစီအစဉ်တွင် ပါဝင်ခွင့်ရှိပါသည်။ ဒီအစီအစဉ်၏ အချို့အခန်းကဏ္ဍများသည် အမျိုးသမီးဝန်ထမ်းများအတွက်သာ ရည်ရွယ်ပါသည်။

### How can I claim back the child delivery cost to company?

You have to submit a Medical Claim Form (found in Yoma Connect under Forms) together with the receipts from the hospital, within one year. The Company will cover the delivery cost - up to a maximum of 700,000 MMK. The reimbursement amount will be paid via Wave Pay.

### ကုမ္ပဏီထံမှ မီးဖွားစရိတ်ကို မည်သို့ပြန်လည် တောင်းခံနိုင်ပါသနည်း။

သားဖွားစရိတ်ကို Yoma Connect ရှိ လျှောက်လွှာဖောင်ကဏ္ဍအောက်ရှိ ဆေးကုသမှုကုန်ကျစရိတ် လျှောက်လွှာဖောင်အား ဖြည့်စွက်၍ ငွေလက်ခံဖြတ်ပိုင်းများနှင့်အတူ ကလေးမွေးဖွားပြီးတစ်နှစ်အတွင်း တောင်းခံနိုင်ပါသည်။ ကုမ္ပဏီသည် မီးဖွားစရိတ်ကို ကျပ်ငွေ ၇၀၀,၀၀၀ အထိ ကျခံပေးမှာဖြစ်ပြီး တောင်းခံငွေကို သင်၏ Wave အကောင့်မှတစ်ဆင့် ပြန်လည်ထုတ်ပေးသွား မည်ဖြစ်ပါသည်။

# Yoma Events

## 18 JANUARY - 29 JANUARY

It is January and here is a snapshot of exciting events coming up. Our Yoma event page is updated daily, if you have any entities events you would like to inform or drive participation to our employees Groupwide, contact us now.

နှစ်တစ်နှစ်၏ ပထမဆုံးလဖြစ်သည့် ဇန်နဝါရီလတွင် ပြုလုပ်သွားမည့် ပွဲအစီအစဉ်တွေကို ဖော်ပြပေးလိုက်ပါသည်။ ကျွန်ုပ်တို့ရိုးမ၏ပွဲအစီအစဉ်စာမျက်နှာကို နောက်ဆုံးရ အချက်အလက်များဖြင့် နေ့စဉ် တင်ဆက်ပေးထားပါသည်။ သင့်လုပ်ငန်းဌာနမှ ပြုလုပ်သည့် ပွဲအစီအစဉ်များတွင် လုပ်ငန်းစုတစ်ခုလုံးမှ ဝန်ထမ်းများကို အသိပေးတက်ရောက် စေလိုပါက ကျွန်ုပ်တို့ထံ အခုဘဲဆက်သွယ်လိုက်ပါ။

**19 JAN TUE**

Real Talk YOMA
သောကကင်းဝေးကျန်းမာရေး

The survivors of Covid
ကိုဗစ် ကို အောင်နိုင်သူများ
*4:30PM*

**20 JAN WED**




ကိုယ်ရဲ့ပန်းတိုင်သစ် ၂၀၂၁
*20 Jan - 27 Jan*

**21 JAN THU**




Readers' Discussion
စာပေစကားဝိုင်းအစီအစဉ်
*4:30 PM - 6:00 PM*

**26 JAN TUE**

Real Talk YOMA
သောကကင်းဝေးကျန်းမာရေး


Effective Communication & Interpersonal relationship
အချင်းချင်း ထိရောက်မှုရှိစွာ ချိတ်ဆက်ပြောဆိုခြင်း
*4:30PM*




# Noise Suppression Feature

Did you know that you can reduce your background noise while you are on a Team's call? When your mic is turned on during the call —shuffling papers, notifications from computer, slamming doors, barking dogs, crying babies and so on could be distracting. To suppress and avoid background sounds, simply follow eLearning video on a step-by-step guide.

Microsoft Teams အစည်းအဝေးတစ်ခု ပြုလုပ်တဲ့အခါ နောက်ခံဆူညံသံတွေကို လျှော့ချနိုင်သည်ဆိုတာကို သင်သိပါသလား။ Microsoft Teams ဖြင့် အစည်းအဝေးပြုလုပ်နေစဉ်အတွင်း သင့်မိုက်ကို ဖွင့်ထားသောအခါ စာရွက်လှန်သံ၊ ကွန်ပျူတာမှ Noti များ၊ တံခါးပိတ်/ဖွင့်သံများ၊ ခွေးဟောင်သံ၊ ကလေးငိုသံ စသည့် နောက်ခံဆူညံသံတွေသည် အနှောက်အယှက်ဖြစ်စေနိုင်ပါတယ်။ ထိုနောက်ခံ အသံများကို ဖယ်ရှားနိုင်ရန် ဤ eLearning ဗီဒီယိုကို ကြည့်၍ အဆင့်ဆင့် လုပ်ဆောင် နိုင်ပါသည်။




# Yoma Recruitment

Here are some "Hot Roles" at Yoma this week:
ယခုအပတ်အတွက် ရိုးမမှ ခေါ်ယူနေသည့် ရာထူးနေရာများမှာ -

- Budgeting & Reporting Manager (Yoma Micro Power)
- HR & Admin Manager (Yoma Fleet)
- Maintenance (Yoma Fleet)
- Senior Accountant (Memories Group)
- Business and Strategy Analysis Manager (KOSPA)
- Planning Manager (Yoma Central)

*Take charge of your career. For more internal job vacancies, click here.*